# 1. Auto OTP

## 1.1 Auto OTP ဆိုတာဘာလဲ?

- Auto OTP ဆိုသည်မှာ KBZ Mobile Banking App သို့ဝင်ရောက်ခြင်း၊ လုပ်ဆောင်ချက် (Transaction) များ ပြုလုပ်ခြင်းများ အတွက် တစ်ခါသုံးလျှို့ဝှက်ကုဒ် (OTP) ကိုမဖော်ပြတော့ဘဲ သင် မှတ်ပုံတင်ထားသော မိုဘိုင်းဖုန်းထဲသို့ (OTP) ကိုတိုက်ရိုက်ပေးပို့ပြီး နောက်ကွယ်မှအတည်ပြုပေးသော စနစ်ဖြစ်သည်။ သင်၏ဖုန်းထဲသို့ ပေးပို့လာသော တစ်ခါသုံးလျှို့ဝှက်ကုဒ် (OTP) SMS များ(သို့မဟုတ်) သင်၏ (OTP) တိုကင်စက်များမှ တစ်ခါသုံးလျှို့ဝှက်ကုဒ်များ ရိုက်ထည့်ရသည့် အခက်အခဲများကို လျှော့ချပေးပါမည်။

Auto OTP ဝန်ဆောင်မှုသည် ပိုမိုအဆင်ပြေ၊ လျင်မြန်ပြီး လုံခြုံစိတ်ချရသော စနစ်ဖြစ်ပါသည်။

# 2. Auto OTP အသုံးပြုရန် မှတ်ပုံတင်ခြင်း နှင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်း

## 2.1 Auto OTP ကို မည်သို့မှတ်ပုံတင်ရမည်နည်း?

- ပထမဦးဆုံးအနေဖြင့် KBZ Mobile Banking အသုံးပြုရန် သင့်တွင် Mobile Banking User ရှိရမည်ဖြစ်ပြီး Mobile Banking Application ကိုသင့်ဖုန်းတွင် ထည့်သွင်းထားပြီး ဖြစ်ရပါမည်။
- KBZ Mobile Banking Application ကို Login ဝင်ပြီးနောက် Auto OTP မိတ်ဆက်ခြင်းစာမျက်နှာအား ပုံတွင် ပြထားသည့်အတိုင်း ပြသလိမ့်မည်။





- အကယ်၍ "ယခုမလုပ်ဆောင်ပါ" ကိုနှိပ်ပါက Auto OTP မိတ်ဆက်ခြင်းစာမျက်နှာမှာ ပျောက်ကွယ်သွားမည်ဖြစ်သည်။ Application ထဲသို့နောက်တစ်ကြိမ် Login ဝင်သည့်အခါတွင် Auto OTP မိတ်ဆက်ခြင်းစာမျက်နှာအား ပြန်လည် ပြသမည် ဖြစ်သည်။

- အကယ်၍ "ယခုစာမျက်နှာအား နောက်တစ်ခါမပေါ်လိုပါ" ကိုရွေးပြီး "ယခုမလုပ်ဆောင်ပါ " ကိုနှိပ်ပါက Auto OTP မိတ်ဆက်ခြင်းစာမျက်နှာမှာ ပျောက်ကွယ်သွားမည်ဖြစ်သည်။ ၎င်းဖုန်းတွင် Application ထဲသို့ နောက်တစ်ကြိမ် Login ဝင်သည့်အခါတွင် Auto OTP မိတ်ဆက်ခြင်းစာမျက်နှာအား ပြန်လည်ပြသတော့မည် မဟုတ်ပါ။

- အကယ်၍ သင်သည် Auto OTP မှတ်ပုံတင်ခြင်း ပြုလုပ်လိုပါက "စည်းကမ်းနှင့်သတ်မှတ်ချက်များကိုဖတ်ရန်" ကိုရွေးပြီး "ဆက်သွားမည်" ကိုနှိပ်ပေးရမည်။ ထို့နောက် OTP ရိုက်ရန် စာမျက်နှာကို မြင်ရပါမည်။





- ထို့နောက် SMS ထဲသို့ဝင်လာသော OTP ကိုရိုက်ထည့်ပြီး "အိုကေ" ကိုနှိပ်ပါ။ အောက်တွင်ပြထားသောပုံအတိုင်း Auto OTP မှတ်ပုံတင်ခြင်း အောင်မြင်မည်ဖြစ်ပါသည်။
-




မှတ်ချက် ။ ။ Auto OTP သည် အများဆုံးဖုန်း 3 လုံးအထိသာ မှတ်ပုံတင်ခြင်းပြုလုပ်နိုင်မည်။


## 2.2 Auto OTP မှတ်ပုံတင်ထားခြင်းကို မည်သို့ပယ်ဖျက်ရမည်နည်း?

- KBZ Mobile Banking App ကို Login အရင်ဝင်ပါ။ အောက်ဖော်ပြပါပုံအတိုင်း Auto OTP ကို စီမံရန်အတွက် သတ်မှတ်ချက်များ ထဲသို့ဝင်ပါ။




- ထို့နောက် သင်မှတ်ပုံတင်ထားသော ဖုန်းအမျိုးအစားကိုတွေ့ရမည်။ မှတ်ပုံတင်ခြင်းကိုပယ်ဖျက်လိုပါက "အမှိုက်ပုံး"ပုံကိုနှိပ်၍ ပယ်ဖျက်နိုင်ပါသည်။

- "အမှိုက်ပုံး" ပုံကို နှိပ်ပြီးပါက System မှ မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ခြင်း ပြုလုပ်မည် / မပြုလုပ်မည်ကို ဖော်ပြပေးမြန်းပါမည်။




- "လုပ်ဆောင်မည်" ကိုနှိပ်ရပါမည်။ "လုပ်ဆောင်မည်" ကိုနှိပ်ပြီးပါက Auto OTP မှတ်ပုံတင်ပယ်ဖျက်ခြင်း အောင်မြင်ပါမည်။

## မေးလေ့ရှိသော မေးခွန်းများ

1. **Auto OTP ကို အသုံးပြုရန် Internet Banking တွင် လျှောက်လို့ရပါသလား?**

လျှောက်လို့မရပါ။ သင်သည် KBZ Internet Banking တွင်ငွေကြေးဝန်ဆောင်မှုများ ပြုလုပ်ခြင်းအတွက် တစ်ခါသုံးလျှို့ဝှက်ကုဒ် (OTP) ကိုလိုအပ်ပါမည်။ တစ်ခါသုံးလျှို့ဝှက်ကုဒ် (OTP) များကို သင်၏ ဖုန်း SMS ပေးပို့ပါမည်။ သို့မဟုတ် သင်၏ တိုကင်စက်မှ တဆင့် အသုံးပြုနိုင်ပါသည်။

2. **ကျွန်ုပ်၏ဖုန်း ပျောက်ဆုံးသောအခါ (သို့) ပြောင်းလိုက်သောအခါ ဘာလုပ်သင့်ပါသလဲ?**

အကယ်၍သင်၏ဖုန်းပြောင်းလဲခဲ့ပါက သင်သည် ဖုန်းအဟောင်းတွင်ရှိသော Auto OTP ဝန်ဆောင်မှုရယူထားခြင်းကို App ၏ ဘယ်ဘက်တွင်ရှိသော Menu ထဲသို့ဝင်၍ပယ်ဖျက်နိုင်ပါသည်။
အခြားတစ်နည်းဖြင့် သင်၏ဖုန်းအသစ်တွင် Auto OTP ဝန်ဆောင်မှုကို အသုံးပြုရန်အတွက် မှတ်ပုံတင်ရပါမည်။
ဖုန်းအသစ်တွင် မှတ်ပုံတင်ပြီးသည်နှင့်တပြိုင်နက် သင်၏ဖုန်းအဟောင်းတွင်ရှိသော Auto OTP ဝန်ဆောင်မှုကို ပယ်ဖျက်နိုင်ပါသည်။

3. **ကျွန်ုပ်တွင်ဖုန်းတစ်လုံးထက်ပိုရှိပါသည်။ ကျွန်ုပ်၏ဖုန်းအားလုံးတွင် Auto OTP ဝန်ဆောင်မှုကို အသုံးပြု၍ရနိုင်ပါသလား?**

သင်၏ငွေကြေးဆိုင်ရာ လုံခြုံမှုအတွက် Auto OTP ဝန်ဆောင်မှုကို လူတစ်ဦးလျှင် ဖုန်း (၃) လုံး အထိသာ လျှောက်ထားခွင့်ပြုပါသည်။